**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ/ဆ၀/၂၀၁၉ ( ၄၆၁၁ )

ရက်စွဲ၊၂၀၁၉ ခုနှစ်၊ အောက်တိုဘာ လ ၂၁ ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး

တိုင်းရင်းဆေးပညာဦးစီးဌာန

-------------တိုင်းဒေသကြီး/ပြည်နယ်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားလာသော မျက်စဉ်းဆေး၊နားထည့်ဆေးများနှင့်ပတ်သက်၍ ဖြည့်စွက်အကြောင်းကြားခြင်း။**

ရည်ညွှန်းချက်။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၂၃-၈-၂၀၁၉)ရက်စွဲပါ စာအမှတ်၊ တဆပ/ ဆ၀/၂၀၁၉(၃၆၅၁)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်အရ မျက်စဉ်းဆေး၊ နားထည့်ဆေးများ တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားလာပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ဌာနမှ ဓာတ်ခွဲပုံစံဖြင့် ဓာတ်ခွဲ ပေးပို့ရန်နှင့် ထိုသို့ပေးပို့ရာတွင် ဆေးဝါးဓာတုစစ်ဆေးရန်အတွက် ၎င်းဆေးများတွင် ပါဝင်သည့် Ingredient List, Certificate of Analysis (COA)နှင့် Manufacturer Method များပူးတွဲပေးပို့ရမည်ဖြစ် ကြောင်း သက်ဆိုင်ရာလုပ်ငန်းရှင်များအား အသိပေးနိုင်ရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါ သည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မျက်စဉ်းဆေး၊ နားထည့်ဆေးလျှောက်ထားလိုသူ လုပ်ငန်းရှင်များက လိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းလာပါသဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အကြောင်းပြန်ကြားချက်အရ ဆေးဝါးအဏုဇီဝဓာတ်ခွဲခန်းတွင် Sterility Test စစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲရန် လိုအပ်သည့် ဆေးနမူနာအရေအတွက်မှာ 5ml sample တစ်မျိုးအတွက် (၅)လုံး၊ 3ml sample တစ်မျိုးအတွက် (၁၀) လုံးပေးပို့ရန်လိုအပ်ပြီးဓာတ်ခွဲစမ်းသပ်စစ်ဆေးခမှာနမူနာ (၁)မျိုးအတွက် ကျပ်ငွေ (၁၀၀,၀၀၀) (တစ်သိန်းကျပ်တိတိ) ကျသင့်ပါကြောင်း နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင် ထားသော အချက်အလက်များနှင့် ဓာတ်ခွဲစစ်ဆေးချက်အဖြေများပါဝင်သော Certificate of Analysis (COA) အားပူးတွဲ ပေးပို့ရန်လိုအပ်ပါကြောင်း ထပ်မံဖြည့်စွက်ထားသောအချက်များအား သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ အသိပေးနိုင်ရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာမြင့်မြင့်သန်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်))

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ရုံးလက်ခံ/မျှောစာတွဲ